# ၁၉၅၆ ခုနှစ်၊ ပါလီမန်အမတ်များ (လစာနှင့်စရိတ်ကြေးငွေ များ) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၇။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ ပါလီမန်အမတ်များ (လစာနှင့်စရိတ်ကြေးငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၂ ခုနှစ်၊ ပါလီမန်အမတ်များ (လစာနှင့်စရိတ်ကြေးငွေများ) အက်ဥပဒေအာဏာတည်သည့်နေ့တွင် စတင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင်အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၂ ခုနှစ်၊ပါလီမန်အမတ်များ (လစာနှင့်စရိတ်ကြေးငွေများ) အက်ဥပဒေ၏ ပုဒ်မ ၄ တွင် "သို့တည်းမဟုတ် အစည်းအဝေးသို့တက်ရောက်ရန်အလို့ငှါသွားလာရသည့်" ဆိုသည့်စကားရပ်နောက်တွင်၊ "၊ သို့တည်းမဟုတ် မိမိအားတင်မြှောက်သော မဲဆန္ဒနယ်သို့ သွားလာရသည့်" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၇၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (က) နောက်တွင် အောက်ပါကို၊ အပိုဒ် (ကက) အဖြစ်ထည့်သွင်းရမည်။

"(ကက) မဲဆန္ဒနယ်ပြင်ပ၌နေထိုင်သောအမတ်တဦးသည်၊ ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ၊ ခရီးစရိတ် ရယူနိုင်သည့်အရေးနှင့်စပ်လျဉ်း၍၊ မိမိအားတင်မြှောက်သော မဲဆန္ဒနယ်သို့ သွားလာခွင့်ရှိသည့်အကြိမ်ပေါင်းကိုသတ်မှတ်ခြင်း။"

အတိုး ၁၀ ပြီး]

ပ၊မ၊ဗ၊စ၊—အမှတ် ၄၅၊ တရားရေးဝန်ကြီးဌာန။ ၂၀-၁၀-၅၇—၅,၂၀၀—၂။